# ပြန်လည်စီစစ်ခြင်းဆိုတာဘာလဲ။

မယ်ဒီကိတ်ပြန်လည်စီစစ်ခြင်း စတင်နေပြီဖြစ်ပြီး၊ လက်ရှိ မယ်ဒီကိတ် နှင့် PeachCare for Kids ရရှိသူများ ဆက်လက်ခံစားခွင့် ရှိ၊ မရှိကို ဂျော်ဂျီယာပြည်နယ်မှ စစ်ဆေးမည်ဟု ဆိုလိုခြင်းဖြစ်သည်။ ဤစာရွက်စာတမ်းသည် မယ်ဒီကိတ်ရနေသူတစ်ဦးအနေဖြင့် သင့်လုပ်ဆောင်ရမည့် အဆင့်ဆင့်ကို လုပ်ဆောင်ရန်၊ သင့်မေးခွန်းများကို ဖြေဆိုရန်နှင့် ပြန်လည်စီစစ်ချိန်အတွင်း သင်ကြုံတွေ့နိုင်သည့် စိန်ခေါ်မှုအချို့ကို အကူအညီပေးနိုင်ရန် ရည်ရွယ်ပါသည်။

**မယ်ဒီကိတ်ကို ပြန်လည်စီစစ်ခြင်းဆိုသည်မှာ အဘယ်နည်း။**

မယ်ဒီကိတ်ကို ပြန်လည်စီစစ်ခြင်းသည် လက်ရှိခံစားခွင့်ရနေသူတစ်ဦးအနေဖြင့် ဆက်လက်ရနိုင်ခြေရှိ၊ မရှိကို ပြန်လည်သုံးသပ်ခြင်းဖြစ်သည်။ ယေဘုယျအားဖြင့် မယ်ဒီကိတ်နှင့် PeachCare for Kids နှစ်မျိုးစလုံးသည် တစ်နှစ်တစ်ကြိမ် သက်တမ်းတိုးရန်လိုအပ်သည်။ သို့သော် ကိုဗစ်ကပ်ကာလကို အရေးပေါ် ပြည်သူ့ကျန်းမာရေးကာလအဖြစ် ကြေငြာခဲ့ပြီး၊ မယ်ဒီကိတ်နှင့် PeachCare for Kids ကိုင်ဆောင်ထားသူတိုင်းကို ထိုအရေးပေါ်ကာလအတွင်း ဆက်လက်ပေးထားခဲ့သည်။ ၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလတွင် ကွန်ဂရက်မှ အရေးပေါ် ပြည်သူ့ကျန်းမာရေးကာလ ပြီးဆုံးပြီဖြစ်၍၊ မယ်ဒီကိတ်များ ပြန်လည်စီစစ်ခြင်းကို ၂၀၂၃ ခုနှစ်၊ ဧပြီလ (၁) ရက်နေ့တွင် စတင်ခွင့်ပြုသည့် ပြည်ထောင်စု အသုံးစရိတ်ဥပဒေကြမ်းကို အတည်ပြုခဲ့သည်။ ပြန်လည်စီစစ်ချိန်အတွင်း ဂျော်ဂျီယာပြည်နယ်တွင် မယ်ဒီကိတ် သို့မဟုတ် PeachCare for Kids များ ခံစားခွင့် ရနိုင်၊ မရနိုင်ဆိုသည်ကို ၁၄ လ အတွင်း ပြန်လည်စီစစ်ရန်ဖြစ်သည်။

<u>**ဂျော်ဂျီယာပြည်နယ်အနေဖြင့် ဖြစ်ရပ်တိုင်းကို ၂၀၂၃ ခုနှစ်၊ ဧပြီလမှ ၂၀၂၄ ခုနှစ်၊ မေလအတွင်း ပြန်လည်သုံးသပ်ပါမည်။**</u>

**မယ်ဒီကိတ်ပြန်လည်စီစစ်ခြင်းအတွက် မည်ကဲ့သို့ပြင်ဆင်ထားသင့်သနည်း။**

- သင့် Gateway အကောင့်ကို gateway.ga.gov တွင်ဝင်ပြီး၊ သင့်အားဆက်သွယ်နိုင်မည့် အချက်အလက်များကို အပ်ဒိပ်လုပ်ပါ။
    - အကြောင်းကြားစာကို သေချာရရှိရန်အတွက် သင့်လိပ်စာ သို့မဟုတ် အီးမေးလ်ကို သေချာစစ်ဆေးရန်လိုအပ်သကဲ့သို့ သင့်အားပြန်လည်စီစစ်မည့်အချိန် ရောက်သောအခါ အကြောင်းကြားစာကို သင်လက်ခံရရှိမည်ဖြစ်သည်။
- gateway.ga.gov ၌ သင့် Gateway အကောင့်ထဲသို့ဝင်ပြီး၊ သင့်အားနောက်ဆုံး ပြန်လည်စီစစ်မည့်ရက်နှင့် ပါတ်သက်၍ ပိုမိုသိလိုပါက ရှာဖွေနိုင်သည်။

# သင်၏ Gateway အကောင့်ကို ဝင်ရောက်ခြင်း

သင်၏မယ်ဒီကိတ်နှင့် အခြားခံစားခွင့်များနှင့် ပါတ်သက်၍ အချက်အလက်များကို ဂိတ်ဝေးဝက်ဆိုဒ်လမ်းညွှန် သို့မဟုတ် ဂျော်ဂျီယာဂိတ်ဝေးကို လက်ကိုင်ဖုန်းထဲမှ ရယူခြင်းသည် အကောင်းဆုံးနည်းလမ်းဖြစ်သည်။

သင့်တွင်ကွန်ပြူတာ မရှိပါက သင်ဝင်ရောက်ကြည့်ရှုနိုင်ရန် အလွယ်ကူဆုံးသောနည်းလမ်းမှာ မိမိရပ်ရွာရှိ စာကြည့်တိုက်တွင် သုံးစွဲနိုင်သည်။ ၎င်းတို့တွင် အခမဲ့အသုံးပြုနိုင်သည့် ကွန်ပြူတာများသာမက သင့်အား gateway.ga.gov သို့ တိုက်ရိုက်ပို့ဆောင်ပေးမည့် သီးသန့်ဝန်ဆောက်မှုပေးသည့် ကီးအိုဗ် ခေါ် အများသုံးစက်များလည်းရှိသည်။

သင်သည် ဂိတ်ဝေးအကောင့်သို့ရောက်သောအခါ ညာဘက်ဘားတွင် ခလုတ်သုံးခုကို တွေ့ရမည်။

- "ခံစားခွင့်များကို လျှောက်ပါ။"
- "အကောင့်တစ်ခုကို ဖန်တီးပါ။"
- "ကျွန်ုပ်၏အကောင့်ကို စီမံ/ဝင်ရောက်ခြင်း။"
    - သင်သည် မယ်ဒီကိတ်၊ စနက်ပ်၊ TANF၊ MA၊ CAPS သို့မဟုတ် WIC ကဲ့သို့သော အကျိုးခံစားခွင့်များကို လျှောက်ထားရန် သို့မဟုတ် စီမံခန့်ခွဲရန် gateway.ga.gov ကို အသုံးပြုပြီး ဖြစ်နိုင်သည်။

သင့် မယ်ဒီကိတ်ခံစားခွင့်ရှိ၊ မရှိကို စစ်ဆေးရန်အတွက်စောင့်နေစဉ် ခံစားခွင့်လျှောက်ထားခြင်းကို မနှိပ်ပါစေနှင့်။ သင်ခံစားခွင့်ရရှိပြီးဖြစ်နိုင်သည်။

**<u>Gateway အကောင့်တစ်ခုကို ဖန်တီးပါ။</u>**

၁။ ဂိတ်ဝေးစာမျက်နှာပေါ် ရှိ "အကောင့်တစ်ခုကို ဖန်တီးပါ" ကို နှိပ်ပါ။
၂။ "အကောင့်တစ်ခုကို တည်ဆောက်ခြင်း" စာမျက်နှာပေါ် ရှိ ကွက်လပ်တွင် သင်၏ပထမအမည်၊ နောက်ဆုံးအမည်၊ အီးမေးလ်လိပ်စာနှင့် လက်ကိုင်ဖုန်းနံပါတ်များကို ဖြည့်ပါ။
၃။ ထို့နောက် အမှားအယွင်းမရှိကြောင်း သေချာစေရန် "တိုက်ရိုက်စစ်ဆေးသည်" ကို နှိပ်ပါ။
၄။ ထို့နောက် သင့်အမည်၊ အီးမေးလ်လိပ်စာနှင့် ဖုန်းနံပါတ်ကဲ့သို့သော နောက်ထပ်မေးခွန်းအနည်းငယ်ရှိသည့် စာမျက်နှာသို့ ရောက်သွားမည်။ ၎င်းမှအသုံးပြုသူအိုင်ဒီနှင့် လုံခြုံရေးစကားဝှက်ကို ဖန်တီးပါ။
၅။ အသုံးပြုသူအိုင်ဒီနှင့် လုံခြုံရေးစကားဝှက်ကို ဖန်တီးပြီးသည်နှင့် လုံခြုံရေးမေးခွန်းသုံးခုကို ရွေးချယ်ပြီး၊ အဖြေများကို ဖြည့်စွက်ပါ။

၆။ ထို့နောက် အသုံးပြုသူ၏ လက်ခံသဘောတူညီချက်ကို စစ်ဆေးပြီး၊ "အကောင့်ဖန်တီးပါ" ကိုနှိပ်ပါ။
၇။ ဤနေရာမှ ပင်မဂိတ်ဝေးစာမျက်နှာသို့သွားပြီး၊ "ကျွန်ုပ်၏အကောင့်ကို စီမံရန်/ဝင်ရောက်ခြင်း" ကို နှိပ်ပါ။ ထို့နောက်သင်ဖန်တီးထားသော အသုံးပြုသူအိုင်ဒီနှင့် လုံခြုံရေးစကားဝှက်ကို ရိုက်ထည့်ပါ။
၈။ ၎င်းနောက် သင်၏ဂိတ်ဝေးအကောင့် တည်ဆောက်မှု အပြီးသတ်ရန် လျှို့ဝှက်ရေးသဘောတူညီချက်များကို လိုက်နာသဘောတူရမည်။

*အကယ်၍ သင့်တွင် အီးမေးလ်လိပ်စာ သို့မဟုတ် ဖုန်းနံပါတ်မရှိပါက အကောင့်တစ်ခုကို ဖန်တီးနိုင်သော်လည်း အဆိုပါအချက်အလက်များကို ကြိုတင်စီစဉ်ခြင်းဖြင့် အနာဂါတ်တွင် သင့်အကောင့်ထဲသို့ အလွယ်တကူ ဝင်ရောက်အသုံးပြုနိုင်မည်ဖြစ်သည်။ သင့်ဂိတ်ဝေး အသုံးပြုသူအိုင်ဒီကို ပြန်လည်ရယူရန် နှင့် လုံခြုံရေးစကားဝှက်ကို ပြန်လည်ရယူရန် လိုအပ်လာပါက သင့်လုံခြုံရေးမေးခွန်းများကို ဖြေဆိုနိုင်သကဲ့သို့ အကူအညီပေးဌာန ၁-၈၇၇-၄၂၃-၄၇၄၆ တွင်လည်း ဖုန်းခေါ်ဆိုနိုင်သည်။*

**<u>သင့်အားဆက်သွယ်ရန် အချက်အလက်များကို အပ်ဒိပ်လုပ်ပါ။</u>**

၁။ ဂိတ်ဝေးစာမျက်နှာပေါ်တွင် "ကျွန်ုပ်၏အကောင့်ကို စီမံရန်/ဝင်ရောက်ခြင်း" ကို နှိပ်ပါ။
၂။ ဂိတ်ဝေး အသုံးပြုသူအိုင်ဒီ နှင့် လုံခြုံရေးစကားဝှက်ဖြင့် ဝင်ပါ။
၃။ သင့်အကောင့်ရှိ အီးမေးလ်လိပ်စာနှင့် အိမ်လိပ်စာကို အပ်ဒိပ်လုပ်ပါ။

*သင့်ဂိတ်ဝေးအကောင့်တွင် ဖော်ပြထားသော ဆက်သွယ်ရန်အချက်အလက်များကို အပ်ဒိပ်လုပ်ရန် လူကိုယ်တိုင် မိသားစုနှင့်ကလေးစောင့်ရှောက်ရေးခရိုင်ရုံးသို့ သွားနိုင်သည်။ ဒေသရုံးခွဲနှင့် ရုံးချိန်များကို သိလိုပါက dfcs.ga.gov/locations တွင် ဝင်ရောက်ရှာဖွေနိုင်သည်။*

# သင့်အားပြန်လည်စီစစ်ခြင်းနောက်ဆုံးရက်နှင့် ပတ်သက်၍ အသိပေးခြင်း

သင့်အားပြန်လည်စီစစ်ခြင်းနောက်ဆုံးနေ့မတိုင်မီ ၄၅ ရက် အလိုတွင် စာ သို့မဟုတ် အီးမေးလ်တွင် လက်ခံရရှိသည့်အခါမှသာ သင့်အားပြန်လည်စီစစ်ခြင်းကို စတင်မည်ဖြစ်သည်။ (ဥပမာ၊ သင့်အားပြန်လည်စီစစ်ရန် နောက်ဆုံးရက်သည် မေလ ၃၁ ရက်ဖြစ်ပါက ပထမအကြိမ်အကြောင်းကြားစာကို ဧပြီလ ၁၆ ရက်နေ့နှင့် နောက်ထပ်အကြောင်းကြားစာကို မေလ ၁၆ ရက်နေ့တို့တွင် လက်ခံရရှိလိမ့်မည်။) သင့်အားပြန်လည်စီစစ်ခြင်း နောက်ဆုံးရက်မတိုင်မီ ၁၅ ရက်အလိုတွင်လည်း အကြောင်းကြားစာ ရရှိလိမ့်မည်။ gateway.ga.gov တွင်လည်း ဝင်ရောက်ခြင်းဖြင့် သင့်အားပြန်လည်စီစစ်မည့်နောက်ဆုံးရက်ကို ရှာဖွေနိုင်သည်။

စာထဲတွင် သင့်အားပြန်လည်စီစစ်ခြင်းကို စတင်ပြီဖြစ်ကြောင်း နောက်ဆုံးရက်တွင် သင့်စာရွက်စာတမ်းများကို အပ်ဒိတ်လုပ်ခြင်း သို့မဟုတ် တင်ပြရန် လမ်းညွှန်ချက်များဖြင့် ဖော်ပြထားသည်။ သင့်လစာချလံ သို့မဟုတ် အခြားလိုအပ်သော စာရွက်စာတမ်းများကို တွဲတင်လုပ်ရန် လိုအပ်သည်ကို ဆိုလိုသည်။

**<u>သင့်ကျန်းမာရေးခံစားခွင့်တွင် ကွာဟမှုကို ရှောင်ရှားရန် သင့်အားအကြောင်းကြားစာ သို့မဟုတ် အီးမေးလ်တွင် ဖော်ပြထားသော အဆင့်များကို အပြီးသတ်ရန်လိုအပ်သည်။</u>**

**စောစီးစွာ သက်တမ်းတိုး၍ မရကြောင်း သတိပြုပါ။** စာကို လက်ခံရရှိသည့်အချိန်အထိ စောင့်ရမည်။ သို့မှသာ သင့်အားပြန်လည်စီစစ်ခြင်းကို ဖွင့်ပေးမည်ဖြစ်သည်။ စာတွင် သင့်**အမှုတွဲနံပါတ်**နှင့် သင့်**ခလိုင်းရင့်အိုင်ဒီ** အပါအဝင် အသေးစိတ်အချက်များ ပါရှိမည်ဖြစ်သည်။ သင့်ခလိုင်းရင့်အိုင်ဒီကို သေချာစေရန် အမြဲစစ်ဆေးခြင်းသည် ပြန်လည်စီစစ်ရေးလုပ်ငန်းစဉ်တစ်လျှောက်အတွက် အရေးကြီးသည်။

**ပြန်လည်စီစစ်ရေးကို စတင်သည်နှင့် ၎င်းကို ပြီးမြောက်စေရန် သင့်၌ရွေးချယ်စရာများစွာရှိသည်။**

- အမြန်ဆုံးနည်းလမ်းမှာ gateway.ga.gov သို့ သွားရန်ဖြစ်သည်။
- မိသားစုနှင့်ကလေးစောင့်ရှောက်ရေးခရိုင်ရုံးသို့ စာရွက်စာတမ်းမိတ္တူများကို စာတိုက်၊ ဖက်စ် သို့မဟုတ် လူကိုယ်တိုင် ပေးပို့ရမည်။
- ၁-၈၇၇-၄၂၃-၄၇၄၆ သို့ ဖုန်းခေါ်ဆိုခြင်းနှင့် အလိုအလျောက်ဖုန်းစနစ်ကို ခေါ်ဆိုခြင်းဖြင့်လည်း ပြီးမြောက်နိုင်သည်။ စကားပြန်များအပါအဝင် ကျွန်ုပ်တို့၏ဝန်ဆောင်မှုများသည် အခမဲ့ဖြစ်သည်။ အကယ်၍ သင်သည် ဆွံ့အ နားမကြား၊ နားပင်း၊ မျက်မမြင် သို့မဟုတ် စကားပြောရခက်နေသူဖြစ်ပါက အထက်ပါ နံပါတ် ၇၁၁ (ဂျော်ဂျီယာ အစားထိုး) ကိုနှိပ်၍ ခေါ်ဆိုနိုင်သည်။

အွန်လိုင်းတွင်ဖြစ်စေ၊ လူကိုယ်တိုင်ဖြစ်စေ သို့မဟုတ် ဖုန်းဖြင့်ဖြစ်စေ သင့်အားပြန်လည်စီစစ်ခြင်း မည်ကဲ့သို့အပြီးသတ်ရန်မှာ သင့်အပေါ်တွင် မူတည်သည်။ သင့်အားပြန်လည်စီစစ်ရန် လျှောက်ထားခြင်းကို အပြီးသတ်ရန်မှာ သင့်အမှုတွဲကို သတ်မှတ်ထားသည့် နောက်ဆုံးရက်တွင် သေချာစေရန် ပြုလုပ်ရမည်။

# စာရွက်စာတမ်းများ ပေးခြင်းနှင့် သင့်အား ပြန်လည်စီစစ်ခြင်းကို ပြီးမြောက်စေခြင်း။

သင့်မယ်ဒီကိတ် ပြန်လည်စီစစ်ခြင်းကို စတင်ခဲ့ချိန် သင်လက်ခံရရှိခဲ့သော အကြောင်းကြားစာ သို့မဟုတ် အီးမေးလ်တွင် ဖော်ပြထားသော ညွှန်ကြားချက်များကို လိုက်နာပါ။ သင့်ကျန်းမာရေးခံစားခွင့်အတွက် လစ်ဟင်းမှုမရှိစေရန် သင့်စာရွက်စာတမ်းများကို တတ်နိုင်သမျှ တင်သွင်းရန် အရေးကြီးသည်။

**<u>ပြန်လည်စီစစ်ရေးကို စတင်သည်နှင့် ၎င်းကို ပြီးမြောက်စေရန် သင့်၌ရွေးချယ်စရာများစွာရှိသည်။</u>**

- အမြန်ဆုံးနည်းလမ်းမှာ gateway.ga.gov သို့ သွားရန်ဖြစ်သည်။
- မိသားစုနှင့်ကလေးစောင့်ရှောက်ရေးခရိုင်ရုံးသို့ စာရွက်စာတမ်းမိတ္တူများကို စာတိုက်၊ ဖက်စ် သို့မဟုတ် လူကိုယ်တိုင် ပေးပို့ရမည်။

၁-၈၇၇-၄၂၃-၄၇၄၆ သို့ ဖုန်းခေါ်ဆိုခြင်းနှင့် အလိုအလျောက်ဖုန်းစနစ်ကို ခေါ်ဆိုခြင်းဖြင့်လည်း ပြီးမြောက်နိုင်သည်။ စကားပြန်များအပါအဝင် ကျွန်ုပ်တို့၏ဝန်ဆောင်မှုများသည် အခမဲ့ဖြစ်သည်။ အကယ်၍ သင်သည် ဆွံ့အ နားမကြား၊ နားပင်း၊ မျက်မမြင် သို့မဟုတ် စကားပြောရခက်နေသူဖြစ်ပါက အထက်ပါ နံပါတ် ၇၁၁ (ဂျော်ဂျီယာ အစားထိုး) ကိုနှိပ်၍ ခေါ်ဆိုနိုင်သည်။

**<u>သင်အား ဂိတ်ဝေးအကောင့်မှ ပြန်လည်စီစစ်ခြင်းကို မည်ကဲ့သို့ အပြီးသတ်နိုင်မည်နည်း။</u>**

၁။ သင့်**ကေ့စ်နံပါတ်**နှင့် **သင့်ကိုယ်ပိုင်အိုင်ဒီ**ပါရှိသော အကြောင်းကြားစာ သို့မဟုတ် အီးမေးလ်ကို ရှာပါ။

၂။ gateway.ga.gov တွင် သင့်အကောင့်ဖြင့်ဝင်ပါ။

၃။ ပင်မစာမျက်နှာပေါ်ရောက်သည်နှင့် "ခံစားခွင့်သက်တမ်းတိုးပါ" ကိုနှိပ်ပါ။

၄။ ထိုနေရာတွင် လိုအပ်သောအချက်အလက်များကို ဖြည့်ပြီး၊ လိုအပ်သည့် စာရွက်စာတမ်းများကို တွဲပါ။

က။ သင်လိုအပ်မည့်စာရွက်စာတမ်းများသည် သင့်တွင်ရှိသော မယ်ဒီကိတ် သို့မဟုတ် PeachCare for Kids အပေါ်တွင်မူတည်သည်။

ခ။ သင့်အား ရက်ပေါင်း ၃၀ နှင့် သုံးလစာ လစာဖြတ်ပိုင်းများကို တင်ပြရန် တောင်းဆိုနိုင်သည်။

ဂ။ သင့်လက်ကိုင်ဖုန်းတွင် gateway.ga.gov ကိုဖွင့်ပြီး၊ စာရွက်စာတမ်းများကို ဓာတ်ပုံရိုက်ခြင်း သို့မဟုတ် စကင်ဖတ်ပြီး တွဲတင်နိုင်သည်။

ဃ။ မိသားစုနှင့်ကလေးစောင့်ရှောက်ရေးခရိုင်ရုံးသို့ စာရွက်စာတမ်းမိတ္တူများကို စာတိုက်၊ ဖက်စ် သို့မဟုတ် လူကိုယ်တိုင် ပေးပို့ရမည်။ ဒေသရုံးခွဲနှင့် ရုံးချိန်များကို သိလိုပါက dfcs.ga.gov/locations တွင် ဝင်ရောက်ရှာဖွေနိုင်သည်။

၅။ သင့်စာရွက်စာတမ်းများအဆင်သင့်ဖြစ်ပါက "ခံစားခွင့်သက်တမ်းတိုးပါ" အောက်တွင် ဆက်လက်ဖြည့်ရမည်။

က။ သင့်လိပ်စာ၊ ဆက်သွယ်ရန်အချက်အလက်၊ လူမှုဖူလုံရေးနံပါတ်၊ သင့်အိမ်ရှိလူဦးရေ၊ ဖုန်းနံပါတ်များ၊ ဆက်သွယ်ရန် အကောင်းဆုံးနည်းလမ်းနှင့် ရုံးချိန်အတွင်း ဖုန်းခေါ်ဆိုရန် အချိန်ကောင်းတို့ကို ထည့်သွင်းပါ။

၆။ လိုအပ်သော အချက်အလက်အားလုံးကို ဖြည့်စွက်ပြီးသောအခါ "တင်သွင်းမည်" ကို ရွေးပါ။

**<u>ကျွန်ုပ်အား ပြန်လည်စီစစ်ခြင်းဆိုင်ရာ အချက်အလက်ကို တင်ပြပြီးနောက် မည်သည်တို့ ဖြစ်လာမည်နည်း။</u>**

- သင့်အမှုကို ရက်ပေါင်း သုံးဆယ်အတွင်း ပြန်လည်သုံးသပ်ပြီး၊ အမှုတွဲမန်နေဂျာတစ်ဦးထံ ဆုံးဖြတ်ချက်ချရန် တာဝန်ပေးမည်ဖြစ်သည်။
- မှတ်ချက်။ ။ သင်၏စာရွက်စာတမ်းများကို ပြန်လည်စီစစ်ချိန် နောက်ဆုံးရက်ပြီးနောက် တင်သွင်းပါက သင့်အမှုတွဲမန်နေဂျာသည် သင့်စာရွက်စာတမ်းများကို ရက်ပေါင်း သုံးဆယ်အတွင်း ပြန်လည်စီစစ်နေဆဲဖြစ်သော်လည်း ထိုကာလအတွင်းတွင် သင့်ရပိုင်ခွင့်ကို ဆိုင်းငံ့ထားမည်ဖြစ်သည်။

**<u>ပြန်လည်စီစစ်ခြင်းဆိုင်ရာ ဖြစ်နိုင်သည့်ရလဒ်များ</u>**

- အကယ်၍ သင့်အားပြန်လည်စီစစ်ခြင်းကို ရရှိကြောင်းအတည်ပြုပါက အတည်ပြုကြောင်းစာကို ခုနစ်ရက်အတွင်း သင့်ထံသို့ပို့မည်ဖြစ်သည်။ သင့်ခံစားခွင့်သည် သင်သက်တမ်းပြန်တိုးချိန် ရောက်မည့် နောက် ၁၂ လအထိ ဆက်လက်ရရှိနေမည်။
    - အကယ်၍ သင့်ခံစားခွင့်သည် အထူးကိစ္စမဟုတ်ပါက၊ ဥပမာ၊ လိပ်စာအပြောင်းအလဲမရှိခြင်း သို့မဟုတ် ဝင်ငွေအပြောင်းအလဲမရှိပါက သင့်ခံစားခွင့်အခြေအနေသည် သင်၏ဂိတ်ဝေးစာမျက်နှာတွင် ချက်ခြင်းပေါ်လာမည်ဖြစ်သည်။
- အကယ်၍ သင့်အားပြန်လည်စီစစ်ခြင်းကို ငြင်းပယ်ခံရပါက သင့်အားအဘယ်ကြောင့် ငြင်းပယ်ခံရကြောင်း ရှင်းပြသည့်စာတစ်စောင်ကို သင်လက်ခံရရှိမည်ဖြစ်သည်။
    - အဆိုပါအကြောင်းပြချက်သည် "တင်သွင်းရန်ပျက်ကွက်" ဖြစ်ပြီး၊ သင့်အားနောက်ထပ် ရက် ၉၀ ပြန်လည်စီစစ်ရန် ရှိသေးသည်။
    - အခြားအကြောင်းအရင်းတစ်ခုခုကြောင့် ငြင်းပယ်ခံရပါက ထိုဆုံးဖြတ်ချက်ကို အယူခံဝင်ခွင့်ရှိသည်။
    - အကယ်၍ သင့်မယ်ဒီကိတ် ခံစားခွင့်မရှိတော့ပါက သင်သည် ပြည်ထောင်စုအစိုးရမှ သတ်မှတ်ပေးထားသော အခြားကျန်းမာရေးစောင့်ရှောက်မှု အစီအစဉ်နှင့် ချိတ်ဆက်ပေးမည်ဖြစ်သည်။

# သင့်အားပြန်လည်စီစစ်ခြင်းကို ငြင်းပါယ်ခံရပါက သင်ဘာလုပ်ရမည်နည်း။

သင့်ခံစားခွင့်ရပ်စဲခံရခြင်း အကြောင်းအရင်းပေါ် မူတည်၍ အချို့အရာများ ဖြစ်ပေါ် နိုင်သည်။

- တစ်ခုတည်းသော ပြဿနာမှာ နောက်ဆုံးနေ့မတိုင်မီ လိုအပ်သော စာရွက်စာတမ်းများအားလုံးကို တင်ပြရန်ပျက်ကွက်ပါက ၎င်းကိုတင်ပြရန် နောက်ထပ် ရက် ၉၀ နှင့် သင်၏ခံစားခွင့်ကို ပြန်လည်ရရှိနိုင်မည်ဖြစ်သည်။
- အကယ်၍ သင့်မယ်ဒီကိတ် ခံစားခွင့်မရှိတော့ပါက သင်သည် ပြည်ထောင်စုအစိုးရမှ သတ်မှတ်ပေးထားသော အခြားကျန်းမာရေးစောင့်ရှောက်မှု အစီအစဉ်နှင့် ချိတ်ဆက်ပေးမည်ဖြစ်သည်။
- သင့်အားအခြား အကြောင်းပြချက်ကြောင့် ငြင်းပယ်ခံရပါက သင့်ခံစားခွင့်ကို ရပ်စဲကြောင်း အသေးစိပ်ရှင်းပြသည့်စာတစ်စောင်ကို သင်လက်ခံရရှိမည်ဖြစ်သည်။

သင့်အား ငြင်းဆိုခံရသည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း တရားမျှတသော ကြားနာမှုကို တောင်းဆိုခွင့်ရှိပြီး၊ ခံစားခွင့် ပြန်ရရန် အလားအလာရှိသည်။ တရားမျှတသော ကြားနာမှုကို ပြည်နယ်အုပ်ချုပ်ရေးဆိုင်ရာ ကြားနာမှုရုံး (OSAH) မှ ကိုင်တွယ်မည်ဖြစ်သည်။ ပိုမိုသိရှိလိုပါက ၎င်းတို့ဝက်ဘ်ဆိုဒ်ဖြစ်သည့် osah.ga.gov တွင် ဝင်ရောက်ကြည့်ရှုနိုင်သည်။ ၎င်းတို့၏အလုပ်မှာ အများပြည်သူနှင့် အစိုးရအေဂျင်စီများကြား အငြင်းပွားမှုများကို ကူညီဖြေရှင်းပေးရန်သည်။ လွတ်လပ်သော အဖွဲ့အစည်းတစ်ခုအနေဖြင့် OSAH သည် ပြည်နယ်အေဂျင်စီဥပဒေပြုခြင်းကို သတ်မှတ်ထားသည့် ဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများအရ ပံ့ပိုးပေးသည်။

**<u>သင့်အားငြင်းဆိုထားသော ဆုံးဖြတ်ချက်ကို ငြင်းဆိုချင်လျှင် ဘာလုပ်မည်နည်း။</u>**

၁။ OSAh မှတစ်ဆင့် တရားမျှတသော ကြားနာမှုကို တောင်းဆိုပါ။

၂။ သင်အား တရားမျှတသောကြားနာမှုကို ပြုလုပ်ရန် စီစဉ်ထားသည့်အချိန်၊ နေရာတို့နှင့်အတူ အကြောင်းစာတစ်စောင်ကို သင်လက်ခံရရှိလိမ့်မည်။

၃။ ကြားနာမှုတွင် သင့်ငြင်းဆိုချက်ကို အထောက်အကူပြုရန် ပြေစာများနှင့် ငွေတောင်းခံလွှာများကဲ့သို့သော အထောက်အထားများကို တင်ပြခွင့်ရှိသည်။

   က။ စာရွက်စာတမ်းများကို အနည်းဆုံးမိတ္တူနှစ်စုံ ယူဆောင်လာပါ။ တစ်စုံကို အေဂျင်စီကိုယ်စားလှယ်အား ပေးရမည်ဖြစ်ပြီး၊ နောက်တစ်စုံကို တရားသူကြီးထံ ပေးရမည်ဖြစ်သည်။

   ခ။ ကြားနာခြင်းမပြုမီ ကျေးဇူးပြု၍ မူလစာရွက်စာတမ်းများကို နံပါတ်အလိုက်စီပါ။

၄။ အထောက်အထားတင်ပြပြီးပါက နှစ်ဖက်စလုံးမှ အဆုံးအဖြတ်ပေးမည်ဖြစ်သည်။

   က။ ဤအမှုကို အဘယ်ကြောင့်ဆုံးဖြတ်သင့်သည်ကို တရားသူကြီးအား ပြောပြရန် သင့်တွင်အခွင့်အရေးရှိသည်။

၅။ ဆုံးဖြတ်ချက်ချပြီးသည်နှင့် စာတိုက်မှတစ်ဆင့် သင့်အားအကြောင်းကြားမည်ဖြစ်သည်။

က။ တရားသူကြီး၏ ဆုံးဖြတ်ချက်ကို သဘောမတူပါက သင့်တွင် ငြင်းဆိုရန် လိုအပ်သည့်အချက်အလက်အားလုံးပါဝင်နေသောကြောင့် အဆိုပါစာကို သေချာစွာဖတ်ပါ။

တရားမျှတသော ကြားနာသောလုပ်ငန်းစဉ်ကို ထိရောက်သော ဤဗီဒီယိုကို ကြည့်ပါ။

သင့်တွင်မေးခွန်းများရှိနေသေးပါက staycovered.ga.gov သို့ဝင်ရောက်ပြီး၊ ကျွန်ုပ်တို့၏ FAQ များကို စစ်ဆေးပါ။

# တရားဝင်ကိုယ်စားလှယ်ထံမှ အကူအညီ

သင့်မယ်ဒီကိတ်အား ပြန်လည်စီစစ်ရန်အတွက် လုပ်ဆောင်ရမည့်အဆင့်များကို ပြီးမြောက်စေရန် အကူအညီလိုအပ်ပါက တရားဝင်ကိုယ်စားလှယ်တစ်ဦးကို သင်ခန့်အပ်နိုင်သည်။ ၎င်းသည် မယ်ဒီကိတ် သို့မဟုတ် PeachCare for Kids ကိုင်ဆောင်သူတစ်ဦးအား ပြန်လည်စီစစ်စဉ်တလျှောက် အဆက်မပြတ်ကူညီရန် တရားဝင်ခွင့်ပြုထားသောသူတစ်ဦးဖြစ်သည်။ ၎င်းသည် မိသားစုဝင်၊ သူငယ်ချင်း သို့မဟုတ် ဝန်ဆောင်မှုပေးသူထဲမှ တစ်ဦးဖြစ်နိုင်သည်။

**<u>သင့်အားပြန်လည်စီစစ်ခြင်းအမှုတွင် တရားဝင်ကိုယ်စားလှယ်တစ်ဦးကို မည်သို့ထည့်မည်နည်း။</u>**

၁။ သင့်မယ်ဒီကိတ်ပြန်လည်စီစစ်ခြင်းမပြုမီ ၎င်းကို Gateway တွင် တရားဝင်ကိုယ်စားလှယ်အဖြစ် ထည့်သွင်းရမည်။

- က။ gateway.ga.gov တွင် သင်၏ ဂိတ်ဝေးအကောင့်သို့ဝင်ပါ။
- ခ။ "ကျွန်ုပ်၏ပြောင်းလဲမှုများကို သတင်းပို့ပါ" သို့မဟုတ် "သက်တမ်းတိုးရန်" သို့သွားကာ "ခွင့်ပြုချက်ရကိုယ်စားလှယ်ကို ထည့်ပါ" ကို သွားပါ။
- ဂ။ သို့မဟုတ် staycovered.ga.gov တွင် FAQ များကို ဝင်စစ်ပါ။

၂။ ထို့နောက် သင့်တရားဝင်ကိုယ်စားလှယ် ဖြစ်လာရန် Gateway တွင် စာရင်းသွင်းရမည်။

- က။ Gareway (gateway.ga.gov) တွင် ၎င်းတို့၏ကိုယ်ပိုင် ဂိတ်ဝေးအကောင့်ကို သီးခြားဖန်တီးရန် "အကောင့်တစ်ခုဖန်တီးပါ" ကိုနှိပ်ပါ။
- ခ။ "သင်သည်တရားဝင်ကိုယ်စားလှယ် ဖြစ်ပါသလား" အတွက် "ဟုတ်ပါသည်" ကို ရွေးပါ။
- ဂ။ ၎င်းတို့၏ ဂိတ်ဝေးအကောင့်စနစ်ထည့်သွင်းခြင်းကို အပြီးသတ်ပါ။

၃။ ၎င်းတို့၏ တရားဝင်ကိုယ်စားလှယ်အကောင့်ကို ဂိတ်ဝေးတွင် ဖန်တီးပြီးသည်နှင့် လုပ်ဆောင်ချက်နံပါတ်တစ်ခုကို လက်ခံရရှိပြီး၊ စီမံဆောင်ရွက်မည့်စနစ်သို့ ဝင်ရမည်။

- က။ ၎င်း၏ဂိတ်ဝေးအကောင့်ကို သင့်ဂိတ်ဝေးအကောင့်နှင့် ချိတ်ဆက်ထားသည်။

အခွင့်အာဏာကိုယ်စားလှယ်ကို ထည့်သွင်းပြီးသည်နှင့် ထိုသူသည် သင့်သက်တမ်းတိုးခြင်းနှင့် အခြားလူမှုဝန်ဆောင်မှုပေးသည့်ဌာနနှင့် ဆက်သွယ်မှုများကို ကူညီပေးနိုင်သည်။

မှတ်ချက်။ တစ်စုံတစ်ယောက်သည် သင်၏ဆေးဘက်ဆိုင်ရာ သို့မဟုတ် တရားဝင်ရှေ့နေရှိသော်လည်း သင်၏မယ်ဒီကိတ် ပြန်လည်စီစစ်ရာတွင် ကူညီပေးမည့် တရားဝင်ကိုယ်စားလှယ်ဖြစ်လာရန်လိုအပ်သည်။